# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.5 May


## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပခြင်း



ဧပြီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ပုံမှန် အစည်းအဝေးအမှတ်စဉ် (၄/ ၂၀၂၃) ကို ၂၈-၄-၂၀၂၃ ရက်နေ့၌ Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃) ကို ၅-၄-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု၊ စီမံခန့်ခွဲရေးကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဦးကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများနှင့် တွေ့ဆုံပွဲ ကျင်းပပြုလုပ်ခြင်း



ဧပြီလ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်ရုံးအရာထမ်း/ အမှုထမ်းများအား တွေ့ဆုံခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ (၁၃:၀၀)နာရီအချိန် ကော်မရှင်ရုံး ConferenceRoomတွင် ကျင်းပပြုလုပ်ရာ ဦးစွာကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက တစ်ဦးချင်း ဆုံးမသြဝါဒ စကားများ ပြောကြားခဲ့ပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး တွေ့ဆုံခြင်း အခမ်းအနားကို (၁၅:၂၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ တွေ့ဆုံခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။



# ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကျင်းပခြင်း



ဧပြီလ ၁၇ ရက်



၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲအား ၁၇-၄-၂၀၂၃ ရက်နေ့ (၁၆:၃၀) နာရီ အချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ပရိတ်တရားတော်နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

---


## အငြိမ်းစား/ နုတ်ထွက်ခွင့်ရ အရာထမ်းများအား နှုတ်ဆက်ပွဲအခမ်းအနားကျင်းပခြင်း



ဧပြီလ ၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အငြိမ်းစား/ နုတ်ထွက်ခွင့်ရ အရာထမ်း (၄)ဦး နှုတ်ဆက်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ (၁၃:၀၀)နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ တက်ရောက် ကြပါသည်။

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက နှုတ်ဆက်စကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်များက အငြိမ်းစားနုတ်ထွက်ခွင့်ရ အရာထမ်း (၄) ဦးအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ပါသည်။ ထို့နောက် အငြိမ်းစားနုတ်ထွက်ခွင့်ရ အရာထမ်း (၄)ဦးက တစ်ဦးချင်း ကျေးဇူးတင်စကားပြောကြားခဲ့ပြီး နှုတ်ဆက်ပွဲအခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ တက်ရာက်ခဲ့ကြပြီး အခမ်းအနားကို (၁၄:၂၀)နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း



ဧပြီလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၂၅-၄-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

စိုက်/မွေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

စိုက်/မွေးစခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့ပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းတာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## ကော်မရှင်ရုံးအရာထမ်းများအား Thematic Paper စနစ်တကျ ပြုစုရေးသားနိုင်ရေး သင်ခန်းစာပို့ချခြင်း







ဧပြီလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်စိုးနှင့် ဒေါက်တာမြင့်သူမြိုင်တို့သည် ၂၀၂၃ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ (၁၃:၀၀) နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် Thematic Paper စနစ်တကျပြုစု ရေးသားနိုင်ရေး အတွက် သင်ခန်းစာပို့ချမှုဆောင်ရွက်ခဲ့ရာ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အရာထမ်း (၂၇)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းပို့ချမှုကို (၁၅:၂၀) နာရီ အချိန်တွင် ရပ်နားခဲ့ပါသည်။

---

## ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း




ဧပြီလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့ အရ ၂၇-၄-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များနှင့် အဆောက်အဦများတွင် သက်ကြီးရွယ်အိုများ



သက်တောင့်သက်သာ နေထိုင်နိုင်မှု ရှိ မရှိ အခြေအနေ၊ မသန်စွမ်းဘိုးဘွားများအား ပြန်လည်သန်စွမ်းနိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေစသည့် အခြေခံလူ့အခွင့် အရေးများ ရရှိခြင်း ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လက်ခံစောင့် ရှောက်ထားသော အဘိုးအဘွားများအား နွေးထွေးပျူငှာစွာ လိုက်လံတွေ့ဆုံခဲ့ပြီး ကျန်းမာရေးအခြေအနေများကို ကြည့်ရှုမေးမြန်းကာ အားပေးစကားများပြောကြားဂါရဝပြုခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဟသာ်တအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း



ဧပြီလ ၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၃-၄-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးရှိ ဟသာ်တအကျဉ်းထောင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေး ဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ ထောင်ဝင်စာ ပစ္စည်းပေးပို့မှု စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ Quarantine ဆောင်၊ အကျဉ်းထောင်ဆေးခန်း၊ စာကြည့်တိုက်၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။




စစ်ဆေးသည့်ခရီးစဉ်အတွင်း အကျဉ်းသား/ အကျဉ်းသူ၊

အချုပ်သား/ အချုပ်သူများ  လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ ဟသ်ာတ အကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

---

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဌမ အကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း




ဧပြီလ ၂၇ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ဖိတ်ကြားချက်အရ၂၇-၄-၂၀၂၃ ရက်နေ့တွင် ဝန်ကြီးရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် “အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဌမအကြိမ် မြောက် အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး” သို့ ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

---

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

**လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း တိုင်တန်းချက် (၅၃) စောင်၊ ဖေဖော်ဝါရီလ လက်ကျန် (၁၃) စောင်၊ စုစုပေါင်း (၆၆) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၁၃) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၅) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၄၃) စောင်ကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၂(ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့်မညီ၍လည်းကောင်း  မှတ်တမ်းထားရှိပါသည်။ မတ်လတွင် အမှုပိတ်သိမ်း ၁ စောင်နှင့်  တိုင်တန်းချက် လက်ကျန် ၄ စောင် ရှိပါသည်။**


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း

ဧပြီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ဒေသန္တရကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်း (၁၅)ဦးကို ကိုဗစ် – ၁၉ ကာကွယ်ဆေး (၄) ကြိမ်မြောက် (Booster Dose) ထိုးနှံခြင်း၊ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်း (၃)ဦးကို ပထမအကြိမ် (First Dose) ထိုးနှံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

---

## Computer ကျွမ်းကျင်မှုစစ်ဆေးဆောင်ရွက်ခြင်း




ဧပြီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသာလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ လစ်လပ်လျက်ရှိသော အကြီးတန်းစာရေး ရာထူးနေရာများတွင် ခန့်အပ်နိုင်ရေးအတွက် အငယ်တန်းစာရေး (၇) ဦးအား Computer ကျွမ်းကျင်မှု စစ်ဆေးဆောင်ရွက်ခြင်းကို e-Government ဌာနမှ ၂၄-၄-၂၀၂၃ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

---

"The evolution of the human rights movement clearly illustrates humanity's on-going struggle toward creating a better world."

"လူ့အခွင့်အရေးလှုပ်ရှားမှု၏ ဆင့်ကဲပြောင်းလဲမှုသည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးရေးဆီသို့ ဦးတည်သော လူသားမျိုးနွယ်၏ ရုန်းကန်နေရဆဲ အနေအထားကို ရှင်းရှင်းလင်းလင်း သရုပ်ဖော်လျက်ရှိသည်။"

Robert Alan Silverstein

# အမျိုးသမီးများ သိစေလို

ဆောင်း

ကမ္ဘာတစ်ဝန်းလုံးမှာ ရှိကြသည့် လူသားများ၏ လူဦးရေ ထက်ဝက်ခန့်သည် အမျိုးသမီးများ ဖြစ်ကြပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံတို့၌လည်း ကျား/မ ဦးရေ၏ ၃ ပုံ ၂ ပုံခန့်လောက်က အမျိုးသမီးဦးရေဖြစ်သည်ကို တွေ့ရပါသည်။ မိမိတို့ မြန်မာနိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်သည်လည်း အမျိုးသမီးများ ဖြစ်ကြခြင်းကြောင့် အမျိုးသမီးများအတွက် နောင်အရေး စိတ်အေးဖို့ရာ သိသင့်သိထိုက်သော အချက်အလက်တချို့ကို မျှဝေပေးလိုသည့်အတွက် ယခုဆောင်းပါးလေး ရေးလိုက်ရခြင်းပင် ဖြစ်ပါတော့တယ်။

**လူ**– လူဆိုသည့် သတ္တဝါအကြောင်းကို ကနဦးအနေဖြင့် နားလည်ရာ၌ လူ – ကမ္ဘာပေါ်ရှိ သတ္တဝါမြောက်များစွာထဲမှ လူသတ္တဝါသည် အသိဉာဏ်၊ ဆင်ခြင်တုံတရားရှိစွာဖြင့် ကျိုးကြောင်းတရားများကို မှန်/မှား ဝေဖန်ပိုင်းခြားနိုင်ရေးတို့ရှိသော အသက်ရှင် ရပ်တည်နေသည့် သတ္တဝါတစ်စုလို့ အဓိပ္ပါယ်ဖွင့်ပါမည်။ “လူ” ဟု စတင်ဖြစ်တည်လာခြင်းကို စဉ်းစားကြည့်မယ်ဆိုရင်ဖြင့် မည်သည့် ဒေသ၊ အရပ်၊ နယ်ပယ်၊ နိုင်ငံအလိုက်မှာပဲဖြစ်ဖြစ် သက်ရှိအမျိုးသမီး တစ်ဦးစီတိုင်းက ၉ လလွယ်၊ ၁၀ လခန့်တိုင်တိုင် မိမိတို့၏သွေးသား အစိတ်အပိုင်းတစ်ရပ်မှ ရင်သွေးငယ်တစ်ဦးစီကို မွေးဖွားပေးလိုက်ခြင်းဖြင့် “လူ” ဟုဖြစ်တည်လာခြင်း ဖြစ်သဖြင့်ဘဝအစ “မွေးမိခင်” ကဟူ၍ ပြောစမှတ်တွင်လောက်အောင်ကိုပင် ကျေးဇူးရှိလှပေသည်။

ထို့အတူ လူဟူသည့် သတ္တဝါ၌ ယေဘုယျအားဖြင့် ယောကျာ်း၊ မိန်းမဖြစ်သည့် ပုလ္လိင်၊ ဣတ္ထိလိင်ဟူ၍ ကျား/မ အမျိုးအစားနှစ်မျိုးရှိသည့်အနက် လူသားတိုင်းသည် လူဖြစ်ရုံနေမပြီး ဘဝရှင်သန်ရပ်တည်ဖို့အတွက် အသက်ဆက်ရှင်ဖို့ စားသောက်ရေး၊ အသက်မွေးဝမ်းကြောင်းအတွက် ပညာရေး၊ အလုပ်အကိုင်ရှိရေးနှင့် အိုးအိမ်အတည်တကျရှိရေး၊ လမ်းမှားမရောက်ဖို့ သတိ၊ အသိဖြင့် မြော်မြင်တွေးတောတတ်ရေးနှင့် လောကဓံဘဝကို အဓိပ္ပါယ်ရှိရှိ ဖြတ်သန်း၍ စဉ်ဆက်မပြတ်အပတ်တကုတ်ကြိုးစားစွာ ရှင်သန်ရပ်တည်နေထိုင်ကာမှ လူဖြစ်ရကျိုးနပ်လှပေမည်။ ယနေ့ နည်းပညာခေတ်သို့ ရောက်ရှိလာသည်နှင့်အမျှ အရာအားလုံး တိုးတက်ပြောင်းလဲလာခြင်းကိုကြည့်ခြင်းအားဖြင့် လူ၏ အသိဉာဏ် အဆင့်ဆင့်ဆင့်ပွားတွေးခေါ် ဖန်တီးနိုင်လာခြင်း၏ သက်သေပဲဆိုတာ ငြင်းမရနိုင်တော့ပေ။ ဤနေရာ၌ လူတစ်ဦးစတင်မွေးဖွားလာသည့် မွေးကင်းစ အရွယ်ကတည်းက အခြေခံရပိုင်ခွင့်ရှိသည့် လူ့အခွင့်အရေးများကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။ ထိုအခွင့်အရေးများကို သိရှိစေရန်နှင့် လူသားအားလုံး မွေးကတည်းက ပါလာသည့် “လူ့အခွင့်အရေး” ဟူသော စကားရပ်ကို သိရှိ၊ လေးစား၊ လိုက်နာ၍ ကျင့်သုံးသည့်သူများ ဖြစ်တည်စေရန်အလို့ငှာ အကျဉ်းချုံးဖော်ပြလျက်ရှိပါသည်။

## လူ့အခွင့်အရေး

နိုင်ငံတစ်ဝန်းလုံးရှိ လူသားအားလုံးသည် အခြေခံအားဖြင့် ခံစား/ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို ဖော်ပြမည်ဆိုလျှင် ကနဦးအနေဖြင့် တည်ရှိနေသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ ရှင်းလင်းစွာ ဖော်ပြထားလျက်ရှိပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) ကို ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ကုလသမဂ္ဂ အထွေထွေညီလာခံ (United Nations General Assembly– UNGA) က လူ့အခွင့်အရေးများအား လူသားတိုင်း ရရှိ ခံစား၊ လေးစား၊ လိုက်နာ၊ ကျင့်သုံးစေရန် ရည်ရွယ်၍ အတည်ပြုချမှတ်ခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် ၁၉၅၀ ခုနှစ်တွင် UNGA က သတ်မှတ်ခဲ့ပါသည်။ ကြေညာစာတမ်း၌ အပိုဒ် ၃၀ ပါဝင်လျက်ရှိပြီး လူသားတစ်ဦးချင်းစီသော်လည်းကောင်း လူသားအားလုံးသော်လည်းကောင်း တန်းတူညီမျှမှုရှိစွာဖြင့် ရသင့်ရထိုက်သည့် အခွင့်အရေးများကို ခံစားကျင့်သုံး လိုက်နာကြစေရန် ချမှတ်ပြဋ္ဌာန်းထားသည်။ အချုပ်အားဖြင့် လူ့အခွင့်အရေး

သည်–

(က) လူသားအားလုံးနှင့် သက်ဆိုင်အကျုံးဝင်သည်၊

(ခ) လူသားအားလုံးအတွက် မွေးကတည်းကပင် ရရှိကပ်ပါလာသည့် အခွင့်အရေး ဖြစ်သည်၊ (အထူးသဖြင့် မွေးရာပါ လူ့ဂုဏ်သိက္ခာ ဖြစ်သည်)

(ဂ) လူ့အခွင့်အရေးကို ခွဲခြမ်း၍သော်လည်းကောင်း၊ ဖယ်ရှားပယ်ထုတ်၍သော်လည်းကောင်း မရနိုင်ပါ၊

(ဃ) လူ့အခွင့်အရေးများသည် အပြန်အလှန်အမှီသဟဲ ပြုနေကြသည်။

(င) အခွင့်အရေးများကို ကျင့်သုံး ရယူရာ၌ တခြား တစ်ဦးတစ်ယောက်၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစား၊ အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ စတင်ပေါ်ပေါက်လာမှု

၁၈၅၆ ခုနှစ်၊ အမေရိကန်နိုင်ငံ၏ လူဦးရေထောင်ပေါင်းခန့်ရှိလှသည့် အမျိုးသမီးထုကြီး စုဝေး၍ အလုပ်အကိုင်အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို မကျေနပ်ပဲ ဆန္ဒပြခဲ့ပါသည်။ ၁၉၀၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့၌ ထပ်မံ၍ အမေကန်အမျိုးသမီးများအား အလုပ်အကိုင် အခွင့်အရေး ခွဲခြားခြင်းကို တွန်းလှန် အမြစ်ပြုတ်စေရေးအတွက် “Bread and Roses” ဟူသော ကြွေးကြော်သံများဖြင့် ဆန္ဒပြချီတက်၍ အမျိုးသမီးအရေးကို ကမ္ဘာ့တစ်ဝန်းမှ မြင်သာလာစေရန်နှင့် လူသားချင်းစာနာထောက်ထားစေရန်အတွက် ဆန္ဒပြ စုဝေးခဲ့ကြသည်။ ၁၉၀၈ ခုနှစ်မှစတင်၍ မတ်လကျရောက်သည့် အခါတိုင်း အမေရိကန် အမျိုးသမီးများသည် ကလေးအလုပ်သမားစေခိုင်းခြင်းများ၊ အမျိုးသမီးများအား အလုပ်ခွင်၌ အလုပ်ချိန်များ လျော့ပေးနိုင်စေရေးနှင့် အမျိုးသမီးများ ရွေးကောက်ပွဲ၌ပါဝင် မဲပေးပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ စုဝေး၍ ဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြင့် အမျိုးသမီး အခွင့်အရေးများ ကမ္ဘာတစ်ဝန်းလုံးက စာနာထောက်ထားစေရန် တိုက်တွန်းခဲ့ခြင်းကို အသိအမှတ်ပြုသည့်အနေဖြင့် မတ်လ ၈ ရက်နေ့ ကျရောက်သည့်အခါတိုင်း “အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့” အထိမ်းအမှတ်အဖြစ် ကမ္ဘာ့အနှံ့ကကျင်းပဂုဏ်ပြုလျက်ရှိကြသည်။

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် – CEDAW

၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ (United Nations) က အမျိုးသမီးများ၏ ဘဝအခြေအနေ အရပ်ရပ်တို့ကို လေ့လာရန်အလို့ငှာ “Commission on the status of women” ကို ဖွဲ့စည်းခဲ့ပြီး ၁၉၇၉ မှ ၁၉၈၅ ခုနှစ်အထိ “The United Nations Decade of Women” အဖြစ် သတ်မှတ်ခဲ့ပြီးအမျိုးသမီးများ၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ တိုးတက်မြင့်မားလာစေရန် နိုင်ငံအသီးသီးအား ဆောင်ရွက်ရေးအတွက် တိုက်တွန်းခဲ့ပါသည်။ ထိုမှတဆင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးနှင့် ကဏ္ဍစုံအလိုက် တိုးတက်ဖွံ့ဖြိုးစေရေးတို့အတွက် “အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက် ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (United Nations Convention on the Elimination of all forms of Discrimination Against Women – CEDAW)” ကို ၁၉၇၉ ခုနှစ်၌ ပြဌာန်းခဲ့ပါသည်။ CEDAW စာချုပ်၌ ပင်မသွေးကြောသဖွယ် အဓိကအခြေခံအချက် (၃) ခုဖြင့် စာချုပ်ရေးဆွဲထားလျက်ရှိပြီး ယင်းမှာ–

(၁) တန်းတူညီမျှရေး

(၂) ခွဲခြားဆက်ဆံမှုမပြုခြင်း

(၃) နိုင်ငံတော်အစိုးရက ဆောင်ရွက်ရမည့်တာဝန်တို့ဖြစ်ပြီး အပြန်အလှန် ဒွန်တွဲဆက်စပ်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့၌ CEDAW ကို လက်မှတ်ရေးထိုး အတည်ပြု ခဲ့ပြီးနောက် စာချုပ်ဝင် နိုင်ငံဖြစ်ခဲ့ပါသည်။ အမျိုးသမီးများသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်း (UDHR) ပါအခွင့်အရေးများနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ ပုဒ်မနှင့် ပြဋ္ဌာန်းချက်များပါ အခြေခံအခွင့်အရေးများနှင့် CEDAW ပါ အပိုဒ်များအရ ကျား၊ မ အခြေပြု ခွဲခြား ဆက်ဆံခြင်းမရှိပဲ အမျိုးသားများနှင့် တန်းတူညီမျှစွာ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိပါသည်။ အမျိုးသမီးဟု ဆိုရာ၌ ဆယ်ကျော်သက်မိန်းမငယ်လေးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းအမျိုးသမီးများ၊ လူလတ်ပိုင်းအမျိုးသမီးများနှင့် အိမ်ထောင်ရှင် အမျိုးသမီးများအပြင် သက်ကြီးရွယ်အို

များလည်း အကျုံးဝင်ပါဝင်သက်ရောက်ပါသည်။

မြန်မာနိုင်ငံသည် CEDAW အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသမီးများ၏ကဏ္ဍအသီးသီးတို့ကိုစောင့်ကြည့်လေ့လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးရေးလုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်း တာဝန်များကို လိုက်နာကျင့်သုံး ဖြည့်ဆည်းရမည်ဖြစ်ပါသည်။ ထို့အပြင် အခြားအဖွဲ့ဝင်နိုင်ငံများ နည်းတူ CEDAW ကော်မတီသို့ နှစ်စဉ်ဆောင်ရွက်ချက်များအားပြုစု၍ CEDAW ကော်မတီသို့ အစီရင်ခံစာ တင်သွင်းရေးတာဝန်ပါ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အမျိုးသမီးများ ဘဝနှင့် ဒွန်တွဲကပ်ပါလာသည့် နောက်ဆက်တွဲဖြစ်စဉ်များ**

လူဖြစ်တည်လာသည်နှင့်အမျှ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိသည်ဟု UDHR နှင့် CEDAW တို့၌ ဖော်ပြထားသော်လည်း ရှေးခေတ်ကာလ ကတည်းက အမျိုးသမီးများသည်အကြောင်းအမျိုးမျိုး၊အခြေအနေအမျိုးမျိုးတို့အပေါ်မူတည်ပြီး ကျား၊ မ အခြေပြု၍ ခွဲခြား ဆက်ဆံခြင်းခံနေရသည့်အပြင် ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းမှုအပေါ် မူတည်၍ အမျိုးသမီးများသည် အမျိုးသားများထက် ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှု၌ အားနည်းသည်ကို အခွင့်ယူကာ အမျိုးသမီးများအပေါ် အကြမ်းဖက် အနိုင်ကျင့်ခြင်းတို့သည် ယနေ့ထိတိုင်အောင် ပြုမူခြင်းခံနေရမြဲဖြစ်သည်။ ဤသို့သော အကြောင်းတရားများသည် အမျိုးသမီးများ၏ဂုဏ်သိက္ခာကို နိမ့်ပါးကျဆင်းခြင်း၊ပျက်စီးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်သည်အထိ ခံစားရသည် ဖြစ်သဖြင့် ထိုပြုမူဆက်ဆံသူတိုင်းကို လူ့အခွင့်အရေးချိုးဖောက်မှု/ အကြမ်းဖက်မှုဟုပင်ဆိုရမည်။

အမျိုးသမီးများ၊ မိန်းမငယ်များ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ယနေ့ ၂၁ ရာစုခေတ်၌ပင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးနှင့် လူ့ပတ်ဝန်းကျင် အသိုင်း အဝိုင်းများ၌ အမျိုးသားများနှင့် တန်းတူ အကျုံးဝင် တန်ဖိုးထား ပြောဆိုဆက်ဆံခံရပိုင်ခွင့်နှင့် တန်းတူညီမျှစွာ အခွင့်အရေး ရပိုင်ခွင့်များ ရှိပါသည်။ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု နောက်ဆက်တွဲ အကြောင်းခြင်းတရားများကို မြင်သာအောင် ဖော်ပြရမည်ဆိုလျှင် ဥပမာအားဖြင့်–

(၁) ပညာရေးအခန်းကဏ္ဍ၌တက္ကသိုလ်ဝင်ခွင့် အမှတ်စာရင်းများ အပေါ် မူတည်၍ အမျိုးသမီးနှင့် အမျိုးသားများ၏ ရမှတ်များကို တန်းတူ သတ်မှတ်ထားခြင်းမရှိပဲ ခွဲခြားထားခြင်းများ၊

(၂) ဘာသာရေးတွင်လည်း မြန်မာတို့၏ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအရ တချို့သော စေတီဘုရားများ၌ အမျိုးသမီးများ အနေဖြင့် ဘုရားများသို့ ရွှေသင်္ကန်း ကပ်လှူခွင့် မရရှိခြင်းနှင့် “အမျိုးသမီး မဝင်ရ” ဟူ၍ ဆိုင်းဘုတ်ဖြင့် ကန့်သတ်ထားခြင်း၊

(၃) လူ့ပတ်ဝန်းကျင် အသိုင်းအဝန်းတွင်လည်း အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသူတို့သည် မိမိတို့ အမျိုးသမီးများကိုယ်တိုင်၌သာ ထက်ဝက်ခန့် ခွဲခြားမှုပြုနေပြီး ရှေးအယူအဆများဖြင့် ဖိနှိပ်ချယ်လှယ်ခံနေရခြင်းနှင့် ခွဲခြားဆက်ဆံခံနေရခြင်း၊

(၄) နိုင်ငံရေးနှင့် စီးပွားရေးအခန်း ကဏ္ဍတို့၌လည်း အမျိုးသမီး ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း အခွင့်အလမ်းနည်းပါးခြင်းနှင့် အမျိုးသမီး ခေါင်းဆောင်မှုအခန်းကဏ္ဍ အနေဖြင့် ပါဝင်၍ အဆုံးအဖြတ် ရပိုင်ခွင့် နည်းပါးခြင်းများ၊

(၅) အလုပ်အကိုင်ရေးရာ ခန့်အပ်တာဝန်ပေးရာ၌ တချို့သော အလုပ်ရှင်များသည် အမျိုးသမီးများဖြစ်သည့် တိုင်အောင် အိမ်ထောင်ပြုထားသူ ဖြစ်ခြင်းနှင့် ကိုယ်ဝန်ဆောင်ထားသည့် အမျိုးသမီးများဖြစ်ပါက တာဝန်ပေး ခန့်အပ်မှု အခွင့်အလမ်း၌ အမျိုးသမီးများအား ထည့်သွင်းစဉ်းစားမှု လျော့နည်းခြင်းများအပြင် တချို့ အမျိုးသား လုပ်ငန်းရှင်များ၏ စိတ်အခြေအနေအပေါ်မူတည်၍ သော်လည်းကောင်း၊ ဖိုဝါဒ အစွန်းရောက်၍သော်လည်းကောင်း၊ အမျိုးသမီးများအားရိုင်းပြစွာဆဲဆို၍ ပြောဆိုဆက်ဆံ

ခြင်းဖြင့် အလုပ်ခိုင်းစေခြင်းများ ကြုံတွေ့လျက်ရှိပါသည်။ (ကျား၊ မခွဲခြားမှုမပြုဘဲ အရည်အချင်းအပေါ် အခြေခံ၍သာ ညီညီမျှမျှ ခန့်အပ်ထားရန်နှင့် လူလူချင်းဟူသော အသိ၊ သတိ၊ ဂုဏ်သိက္ခာ၊ လူကျင့်ဝတ်တို့နှင့်အညီ နမသားချင်း စာနာ၍ ပြောဆိုဆက်ဆံရန်လိုအပ်လှပေသည်။)

(၆) အိမ်ထောင်မှုရေးရာ ကိစ္စရပ်များ တာဝန်ခွဲယူရေးကဏ္ဍများ၌အမျိုးသမီးများသည် အမျိုးသားနှင့် တန်းတူ တာဝန်ခွဲယူ ထိန်းသိမ်းခွင့် မရရှိခြင်း၊ အထူးသဖြင့် အိမ်တွင်း ဝေယျာဝေစများ စီမံခန့်ခွဲရေးနှင့် သား၊ သမီးများ ထိန်းကျောင်းရေးတို့၌ တန်းတူ ညီမျှစွာ အခွင့်အရေးများ ရရှိသင့်ပါသည်။

မြန်မာနိုင်ငံ၌ အမျိုးသမီးများသည် လူဦးရေ ၅၀ ရာခိုင်နှုန်းကျော် ရှိသဖြင့် အစိုးရအနေဖြင့် အမျိုးသမီးများ၏ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးထောက်ပံ့ပေးရာ ရောက်သည့်အပြင် CEDAW စာချုပ်ပါ အချက်အလက်များကို လိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်ရာ သဘောသက်ရောက်သဖြင့် “တစ်ချက်ခုတ် နှစ်ချက်ပြတ်” တိုးတက်မှု အဆင့်သို့ တစ်ပြိုင်နက် တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ၏ ကျား၊မ အခြေပြု ခွဲခြားဆက်ဆံမှုများ လျော့နည်းအောင် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍအလိုက် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ပေးခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအစဉ်များကို အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ဖော်ဆောင်ရမည်ဖြစ်သည်။

## ပြောင်းလဲတိုးတက်လာခြင်းနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ

သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ (Information and Technical Communication) ဖွံ့ဖြိုးတိုးတက်လာခြင်းသည် လူသားများအတွက်သတင်းအချက်အလက်များ မှန်ကန်စွာ ရရှိစေခြင်း၊ အသိဉာဏ်ပွင့်လင်းစေခြင်း၊ ပညာသင်ယူရေးနှင့် ဘာသာစကားများ လေ့လာတတ်မြောက်စေရေး၊ နိုင်ငံအချင်းချင်းချိတ်ဆက်၍ စီးပွားရေးကိစ္စရပ်များ၌ ရင်းနှီးမြှုပ်နှံမှု များပြားလာသည်သာမက ရပ်ဝေးမှ ဆွေရင်းမျိုးချာများနှင့် မိတ်ဆွေများအချင်းချင် လွယ်ကူစွာ ကူးလူးဆက်သွယ်လာနိုင်ခြင်း စသော အခြေအနေများသည် IT ၏ ကောင်းကျိုးများဟု ဧကန်မုချ ဆိုရမည်ဖြစ်ပြီး အခြားတစ်ဖက်၌ ဆိုးကျိုးအနေဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံသော်လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံသော်လည်းကောင်း အကြမ်းဖက်မှုများ၊ အလွဲသုံးစားပြုခြင်းများ လိမ်လည်၍ ငွေရယူခြင်းများ စသော ဆုတ်ယုတ်စေသည့် အနေအထားကပါ ယှဉ်တွဲကပ်ပါလာသည်။ မည်သည့်အရာတွင်မဆို အသိဉာဏ်ဝေဖန်ပိုင်းခြားမှု ရှိစွာဖြင့် အကျိုးရှိရှိ ပြုမူခြင်းသည် ကောင်းမွန်သည့် စံနမူနာများကို ဖြစ်ပေါ်စေပြီး လွဲမှားသော နည်းလမ်းဖြင့် ပြုမူခြင်းသည် ဆိုးဝါးလှသော အခြေအနေ အရပ်ရပ်တို့ ဖြစ်တည်လာစေရန် ဖန်တီးပြီးသားသကဲ့သို့ ဖြစ်နေတော့သည်။

အမျိုးသမီးများသည် အဆိုပါ နည်းပညာ ပြောင်းလဲလာမှုနှင့်အညီ အကြမ်းဖက်မှုအခြေအနေများ ကြုံတွေ့လျက်ရှိရာ ကလေး၊ လူကြီး အသက်အရွယ်မရွေး အသက်အန္တရာယ်ပြုသည်အထိ အကြမ်းဖက်ခံနေခြင်း အမျိုးမျိုးရင်ဆိုင်နေရပါသည်။ အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်တန်းတူ “ပုခက်လွှဲလက်” မိခင်ကောင်းများ မွေးဖွားခဲ့ပေးသည့် အနာဂတ်၏ ပန်းပွင့်ကလေးများ သဖွယ်ဖြစ်ကြသဖြင့် လူလူချင်း လေးစားတန်ဖိုးထား၍ ခွဲခြားစွာ မပြုမူသင့်ပေ။ မိန်းမသားများအပေါ် ထိုအကြမ်းဖက်မှုများ ပြုမူသူတိုင်းကို ပြည်သူလူထုနှင့် နိုင်ငံတစ်ဝန်းလုံးက ရှုတ်ချပါသည်။ အမျိုးသမီးများသည် Sex Toy မဟုတ်ပါ။ ပစ်မှတ်ထားခြင်းခံရမည့် သားကောင်များ မဟုတ်ပါ။ နိုင်ငံအတွင်း အကြမ်းဖက်မှု ပြုသူများအား ဥပဒေဖြင့် တရားမျှတစွာ စီရင်ခြင်းဖြင့် အပြီးသတ် တိုက်ထုတ်ရမည်ဖြစ်ပါသည်။

အကြမ်းဖက်မှု ဆိုသည်မှာ–

(၁) ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊
(၂) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊
(၃) အိမ်တွင်းအကြမ်းမှု၊
(၄) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စသော အကြမ်းဖက်မှုများ ဖြစ်ပါသည်။

ထို့မျှသာမက လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းဖြစ်သည့် အမျိုးသမီးများ၏ ကိုယ်ခန္ဓာဖွဲ့စည်းမှု အစိတ်အပိုင်းများအပေါ် ရိုင်းပြသော အကြည့်ဖြင့် စူးစိုက်၍ မဖွယ်မရာ ကြည့်ရှုခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ အပေါ် ကိုယ်ထိလက်ရောက် ထိပါးစော်ကားခြင်းနှင့် သားမယားကဲ့သို့ ထိပါးပြောဆို နှောင့်ယှက်ခြင်း၊ အမျိုးသမီး၏ လူမှုကွန်ယက် ဓာတ်ပုံများကို အသုံးပြု၍ လိင်ပိုင်းဆိုင်ရာ ကွန်ယက်များနှင့် အကောင့်များ (Sex page/ account) အဖြစ် ဖွင့်လှစ် ဖော်ပြခြင်းများ၊ အများသုံး လိုင်းကားပေါ်၌ လိင်ပိုင်းဆိုင်ရာ ထိပါးခြင်းများ၊ အဓမ္မပြုကျင့်ခြင်းတို့သည် အမျိုးသမီးထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုဖြစ်ရာ Victim အမျိုးသမီးများ အနေဖြင့် အဆိုပါအကြမ်းဖက်မှု၏ ဆိုးကျိုးရလဒ်အဖြစ် "စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်း၊ မိမိကိုယ်ကို ရွံရှာခြင်းနှင့် မိမိကိုယ်ကို အသက်အန္တရာယ်ပေးနိုင်သည့် အခြေအနေများကို ဆောင်ကြဉ်းရာ ရောက်နေပါသည်။

လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခြင်းများ၊ အိမ်တွင်း အကြမ်းဖက်ခြင်းများနှင့် အဓမ္မပြုကျင့်ခြင်း၊ အသက်မပြည့်ခင်သားမယားအဖြစ် လိမ်လည်ခိုးယူပေါင်းသင်းခြင်းနှင့် ကာမလိမ်လည်ရယူခြင်းများအား ကိုယ်တိုင်အနေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ ပတ်ဝန်းကျင်၌ဖြစ်စေ ကြုံတွေ့ရပါက နီးစပ်ရာ ဆွေမျိုးသားချင်းများ၊ ပတ်ဝန်းကျင်များအား အကူအညီတောင်း၍ သော်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (ဖုန်း -၀၆၇-၄၀၄၇၇/ ၄၀၄၆၆ နှင့် ၀၆၇-၃၄၀၄၂၂/ ၃၄၀၄၉၉)၊ အခြားအမျိုးသမီးရေးရာ အဖွဲ့အစည်းများဖြစ်သော ဥပဒေရေးရာ ကုစားရေးအဖွဲ့၊ Women's Organization Centre တို့၏ Hot Line များသို့ သော်လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပြီး တရားမျှတမှု ရရှိစေရန်အတွက် အမျိုးသမီးများ မရှက်ကြောက်နေပဲ ဖွင့်ဟ အကူအညီတောင်း တိုင်ကြားကြခြင်းဖြင့် အကြမ်းဖက်သူများကိုအပြစ်ဒဏ်ချမှတ်အရေးယူနိုင်မည့် အပြင် တခြားအကြမ်းဖက် ကျူးလွန်ရေးများ လျော့နည်းလာစေရန် တားဆီးကာကွယ်ပေးရာလည်း ရောက်ပါသည်။

ကျေးလက်တောရွာဒေသများရှိ အမျိုးသမီးများတွင်လည်း အသက်(၁၈)နှစ်မပြည့်ခင်ထိမ်းမြားလက်ထပ်ပေးခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့် လူကုန်ကူးခြင်းများစသော အကြမ်းဖက်မှုများမှ ကာကွယ်ပေးနိုင်ရေးအတွက် တားဆီးကာကွယ်ပေးခြင်းနည်းလမ်းများနှင့် အမျိုးသမီး အခွင့်အရေးကို သိရှိနိုင်စေရေး ရည်ရွယ်၍ အမျိုးသမီး အထောက်အကူပေးရေး အဖွဲ့အစည်းများက ပညာပေးကဏ္ဍ အစီအစဉ်များအား ကျေးလက်တောရွာ အရပ်ရပ်၌ ပိုမိုလုပ်ဆောင်ပေးသင့်ပါသည်။တချို့ကျေးလတ်ဒေသတွင်သာမကမြို့ပြဒေသရှိ အမျိုးသမီးများ၌ပင် လူ့အခွင့်အရေး အသိဉာဏ်များ၊ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်းများ၊ မျိုးဆက်ပွား ကျန်းမာရေးအသိနှင့် သတင်းအချက်အလက်များ လုံလောက်စွာ မရရှိသဖြင့် အကြမ်းဖက်ခံရမှန်းမသိ အကြမ်းဖက်ခံနေရပြီး၊ အခွင့်အရေးများ ချိုးဖောက်ခံရခြင်း မသိချိုးဖောက်ခံနေရ တော့သည်။ အမျိုးသမီးအခွင့်အရေးများ ပွင့်လင်းစွာ သိရှိစေရေးအပြင် ပညာရေး၊ စီးပွားရေး ကဏ္ဍတို့တွင် အသေးစားချေးငွေ မတည်ဆောင်ရွက်ပေးခြင်းများ၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ဟောပြောပွဲများ ကျင်းပပေးခြင်းတို့ ပိုမိုဆောင်ရွက်ပေးခြင်းတို့ဖြင့် ကျေးလက်ဒေသနေ အမျိုးသမီးများ၏ အခွင့်အရေးကိုလည်း တိုးမြှင့်ပေးရာ ရောက်မည်ဖြစ်ပါသည်။

## သတိရှိမှုဖြင့် ကြိုတင်ကာကွယ်ပါ

မိန်းမငယ်လေးများနှင့် အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် အဆိုပါ အကြမ်းဖက်မှုများ ဖြစ်လေ့ဖြစ်ထရှိသော သတင်းများနှင့် အကူအညီပေးရေး စင်တာများ၊ ဥပဒေကြောင်းအရ အရေးယူအပြစ်ပေးမှုများ၊ ပြစ်မှုဆိုင်ရာဥပဒေများ စသော သတင်းအချက်အလက်များကို အခြေခံ သိကျွမ်းနားလည်အောင် လေ့လာမှတ်သားထားသင့်ပြီး မိမိကိုယ်ကို ခုခံကာကွယ်ရေး (Self- Defense) ရေးရာ အခြေခံတတ်မြောက်ထားသင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိနှင့်တကွ ပတ်ဝန်းကျင်ရှိ အမျိုးသမီးများအတွက် အကာအကွယ်ပေးနိုင်ရုံသည်သာမက ထိုရာဇဝတ်သားများအား လက်ပူးလက်ကြပ် အရေးယူပေးနိုင်သည်လည်း ဖြစ်ပါသည်။

အချိန်၊ နေရာနှင့် အကြောင်းတရား အမျိုးမျိုးအပေါ်မူတည်၍ နေရာမရွေး၊ အချိန်မရွေး ထိပါးစော်ကားမှုများနှင့် အကြမ်းဖက်မှုများ ဖြစ်လေ့ဖြစ်ထရှိနိုင်

သည့်အတွက် အရာရာကို သတိ၊ အသိဖြင့် ဆင်ခြင်၍ အမြဲတစေ သွားလာလှုပ်ရှားကြစေလိုပါတယ်။ ပြစ်မှုကျူးလွန်သူများသည် မိမိတို့၏ ဝတ်စားဆင်ယင်မှုကို မှုတည်၍ ပစ်မှတ်ထားခြင်းမျိုး မဟုတ်သော်လည်း အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို တတ်နိုင်သမျှ လုံခြုံစွာ ဝတ်စားစေလိုပါသည်။ ခေတ်နှင့်အညီ အရက်သေစာများအား အမျိုးသားများနှင့် ရင်ဘောင်တန်း၍ အလွန်အကျူး သောက်သုံးခြင်းများကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ပြီး မိမိ၏ နီးစပ်ရာ ရင်းနှီးကျွမ်းဝင်သူများ ဖြစ်လင့်ကစား သတိထား နေထိုင်ရန်လိုပါသည်။

## နိုင်ငံ၏ ဆောင်ရွက်မှုအခြေအနေများ

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (CEDAW) ၏ စာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အမျိုးသမီးများ၏ အနာဂတ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများအတွက် နိုင်ငံတော်က အမျိုးသားအဆင့် စီမံချက်များ ချမှတ်၍ အခြေတစိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၁၉၉၇ ခုနှစ်၊ CEDAW စာချုပ်လက်မှတ်ရေးထိုး အတည်မပြုခင် အချိန်ကတည်းက မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခွင့်အရေးများအား ရရှိခံစားနိုင်စေရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ စွမ်းဆောင်ရည် မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝလုံခြုံရေးများ ရရှိစေရန်အတွက် ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အမျိုးသမီးများ အခွင့်အရေး တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့ပြီး အဆိုပါအခါသမယနေ့ကို မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ပါသည်။

နိုင်ငံအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုများအပေါ် ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရန်နှင့် တရားဥပဒေအရ ပိုမိုအကာကွယ်ပေးနိုင်ရန် အတွက် ဥပဒေအရ စည်းနှောင်မှု ရှိ၍ ပြစ်မှုချမှတ်ပေးနိုင်မည့် ဥပဒေ ထွက်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရက သက်ဆိုင်ရာ ဥပဒေအထောက်အကူပြု အဖွဲ့များ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲခဲ့ပြီး ယခုအခါ ဥပဒေပြဋ္ဌာန်းနိုင်ရေး အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၅)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ပါပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍လည်း အမျိုးသမီး အခွင့်အရေးများကို လေးစားခြင်း၊ ကာကွယ်ပေးခြင်း၊ မြှင့်တင်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က ပြည်သူလူထု မျက်စိပွင့် နားပွင့်စွာ မြင်သာအောင် လုပ်ငန်းစီမံချက် အသီးသီးဖြင့် ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ပေးနေလျက် ရှိပါသည်။

ထို့အပြင် အကြမ်းဖက်မှု ကျူးလွန်ခံရသည့် အမျိုးသမီးများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကူအညီပေးရေးနှင့် ၂၄ နာရီ တိုင်ကြားနိုင်သည့် ဝန်ဆောင်မှုများ၊ အကြမ်းဖက်ခံရသည့် အမျိုးသမီး အသီးသီးအတွက် ပြန်လည်ကုစားရေးဆိုင်ရာ ယန္တရားများအနေဖြင့် နှစ်သိမ့်ဆွေးနွေးပေးရေး (Counselling Programme) အစီအစဉ်များပြုလုပ်ခြင်း၊အသက်မွေးဝမ်းကြောင်းစရိတ်ထောက်ပံ့ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍ၌ ပံ့ပိုးပေးခြင်း၊ ခိုနားရာနေရာများပေးခြင်းနှင့် One Stop Women Support Centre (OSWC) များဖြစ်သည့် ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေး နေရာများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ ကယားစသည့်တို့၌ ဖွင့်လှစ်ထားရှိပြီး ပံ့ပိုးပေးလျက်ရှိပါသည်။ အမျိုးသမီးများ၏ အခန်းကဏ္ဍ၌ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်စပ်လျဉ်း၍ အသက်မွေးဝမ်းကြောင်း အတတ်သင်ကျောင်းများ၊ အမျိုးသမီးကလေးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းများစသော သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။


နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "တန်းတူညီမျှတဲ့ အနာဂတ် ဖော်ဆောင်ဖို့ အမျိုးသမီးကဏ္ဍမြှင့်တင်စို့ – Gender equality today, for a sustainable tomorrow" နှင့်အညီ အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝလုံခြုံရေးတို့ မြှင့်တင်ပေးရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆက်လက်ထိရောက်စွာ ဆောင်ရွက် သွားနိုင်ရေးအတွက် တာဝန်ကျေပွန်စွာ

ဆောင်ကြဉ်း ပေးလျက်ရှိပါသဖြင့် အားတက်မိပါသည်။ မိမိတို့နိုင်ငံမှ မတ်လ ၈ ရက်နေ့၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အသိအမှတ်ပြုခြင်းဖြင့် သော်လည်းကောင်း၊ ဇူလိုင်လ ၃ ရက်နေ့တိုင်း ကျရောက်သည့် မြန်မာနိုင်ငံအမျိုးသမီးများနေ့ အဖြစ်လည်းကောင်း ၂၀၁၆ ခုနှစ်မှ စတင်၍ အထိမ်းအမှတ်အခမ်းအနားအား ကျင်းပသွားလျက်ရှိပါသည်။ ထို့သို့ နိုင်ငံတော်က အမျိုးသမီးပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဘက်စုံကဏ္ဍအသီးသီး၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များဖြင့် အမျိုးသမီးများဘက်မှ တစ်ထောင့်တစ်နေရာမှ မားမားမတ်မတ် ရပ်တည်ပေးနေလျက်ရှိမှုကို လေးစားဂုဏ်ပြုလျက် ရှိပါတော့သည်။

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

**အပိုဒ် ၂**

လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်၊ ပစ္စည်းဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်းစသည့် ခွဲခြားမှုမျိုး မရှိစေဘဲ ဤကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့် အားလုံးကို ခံစားခွင့်ရှိသည်။ ထို့ပြင် လူတစ်ဦးတစ်ယောက် နေထိုင်ရာ နိုင်ငံ သို့မဟုတ် နယ်မြေဒေသသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နယ်မြေဖြစ်စေ၊ ကုလသမဂ္ဂ ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာမရရှိသောနယ်မြေဖြစ်စေ သို့မဟုတ် အချုပ်အခြာအာဏာ တစ်စုံတစ်ရာ ကန့်သတ်မှု ရှိသည့်နယ်မြေဖြစ်စေ ယင်း၏ နိုင်ငံရေး၊ စီရင်ပိုင်ခွင့် သို့မဟုတ် နိုင်ငံတကာအဆင့်အတန်း တစ်ခုခုကို အခြေပြု၍ ခွဲခြားမှု မပြုလုပ်ရ။



## ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm